ဖွန် (၁၄)

## ဒေဝဥယျာဉ်သို့ပြန်သွားကြပါစို့။

**အာဒံ**နှင့်ဧဝတို့ ဒေဝဥယျာဉ်အတွင်းရှိခဲ့သော လွတ်လပ်ခြင်းကို ပြန်လည်ရယူရန် တစ်ခုတည်းနည်းလမ်းက ဘုရားသခင်နှင့် သူ၏သမ္မာတရားကို ရှာဖွေရန်ပင်ဖြစ်သည်။ ခရစ်တော်အား မိမိတို့၏ကယ်တင်ရှင်နှင့် ဘုရင်အဖြစ် လက်ခံရရှိထားသူ ကျွန်ုပ်တို့အနေနှင့် မိမိတို့နှလုံးသားများအတွင်း ပရတိသုဘုံကို ရရှိပြီးဖြစ်သည်။ သူသည် မိမိတို့အပြစ်များကို ခွင့်လွှတ်ခဲ့ပြီး မိမိတို့တစ်ကြိမ် တစ်ခါမျှ မခံစားခဲ့ဘူးသည့် ငြိမ်သက်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့ကို ယူဆောင်လာခဲ့ပြီးဖြစ်သည်။

ဤဒေဝဥယျာဉ်တွင်း သင်နေထိုင်လိုပါသလား? ပရတိသုဘုံကို ပျော်ရွှင်နှစ်သက်စွာခံစားရန် စစ်မှန်သောလွတ်လပ်ခြင်း မိမိတို့ ပျော်ရွှင်နှစ်သက်စွာ ခံစားရန် ဘုရားရှင်က ပေးအပ်ထားသော အံ့သြဖွယ်အရာအားလုံးနှင့် ပျော်ရွှင်ကြည်နူးစရာများနှင့်အတူ သူ၏ ဖန်ဆင်းခြင်းတစ်ခုလုံးကို ခံစားရန် ဤဒေဝဥယျာဉ်ကြီးတွင်း နေထိုင်လိုပါသလား? သခင်ယေရှုအား သင်၏စိတ်နှလုံးအတွင်းသို့ ဖိတ်ခေါ်ခြင်းအားဖြင့် သင်ထိုသို့နေနိုင်ပါသည်။ သူ့ကိုသင်ကယ်တင်ရှင်အဖြစ် ရယူခြင်းဖြင့် ထိုနေရာတွင် ရှိနေလိမ့်မည်။ သူသည်သင်၏ နှလုံးသားကို ဘုရားသခင် ချစ်ခြင်းမေတ္တာ၏ ဥယျာဉ်ကြီးဖြစ်လာစေမည်။ သင်မှားယွင်းပြုမူခဲ့သော အရာတိုင်း ခွင့်လွှတ်ခြင်းကိုခံရပြီး သင့်အပြစ်များကို ဖယ်ရှင်းခါ ဘုရားသခင် ရှေ့တော်မှောက်၌ သင့်အားသန့်ရှင်းစင်ကြယ်စေလျက် ပြည့်စုံစေမည်ဖြစ်သောကြောင့် ထိုနေရာ၌ အစဉ်သဖြင့် နေရောင်ခြည်နှင့်အတူ ရွှင်လန်းဝမ်းမြောက်ခြင်းရှိနေလိမ့်မည်။ ဘုရားသခင်၏ ပရတိသုဘုံကို သင်တွေ့ရှိခဲ့သည်နှင့် တပြိုင်နက် ထိုနေရာသို့ အခြားသူများကို သင်ခေါ်ဆောင်သွားလိုပေလိမ့်မည်ဖြစ်ရာ ၎င်းတို့အနေနှင့်လည်း ထိုနေရာ၏ ဝမ်းမြောက်ခြင်းကို ခံစားတွေ့ကြုံရစေဘို့ ဖြစ်သည်။ သင်သူတို့ကိုလည်း ခေါ်ဆောင်သွားနိုင်သည်။ အခြားသူများကို သခင်ယေရှု၏ အကြောင်းပြောပြလျက် ၎င်းတို့အနေနှင့် သူ့ကို၎င်းတို့၏ စိတ်နှလုံးတွင်းသို့ ဖိတ်ခေါ်ရန် မစကူညီခြင်းအားဖြင့် သင်သည် နှလုံးတိုင်းထံသို့ ဒေဝဥယျာဉ်အား ယူဆောင်လာနိုင်သည်။